ဝတ္ထု (လိင်ကျခြင်း၏ အကြောင်း) ပစ္စိမာနံ **အတိက္ကမော** ဒဏ္ဍကမ္မဝတ္ထု (ဝိကာလဘောဇနစသော နောက် ၅-ပါးကို ကျူးလွန်ခြင်းသည် ဒဏ်ပေးခြင်း၏အကြောင်း) ဟု မိန့်လေသည်၊ ထိုကြောင့် ဒဏ်ဆယ်ပါး ဖြစ်ရသည်။

**ဒဏ်ခေါ်ပုံ။** ။ဒဏ္ဍေန္တိ ဝိနေန္တိ ဧတေနာတိ ဒဏ္ဍော၊ ဧတေန၊ "မည်သည့်ကျောင်းသို့ မဝင်ရ" စသော **တားမြစ်ထားမှု**, သဲ ရေတို့ကို ထမ်းစေမှုစသော အမှုဖြင့်။ သာမဏေရံ၊ ကို။ ဒဏ္ဍေန္တိ ဝိနေန္တိ၊ ဆုံးမကြရကုန်၏။ ဣတိ၊ ဤသို့ ဆုံ မကြောင်း၏အဖြစ်ကြောင့်။ ဒဏ္ဍော၊ ဒဏ် မည်၏။ **ကာတဗ္ဗံတိ** ကမ္မံ၊ ဒဏ္ဍောယေဝ+ကမ္မံ=ဒဏ္ဍကမ္မံ၊ ဤ အလို "ဒဏ္ဍကမ္မံ၊ ဆုံးမကြောင်းဖြစ်သော အမှုကို။ ကာတဗ္ဗံ၊ ပြုထိုက်၏"ဟုပေး၊ တနည်း– "ဒဏ္ဍကမ္မန္တိ ဝါ နိဂ္ဂဟကမ္မံ= တားမြစ်ခြင်း, သဲ ရေ စသည်ကို ထမ်းစေခြင်းဟူသော နှိပ်ကွပ်မှုကို။ ကာတဗ္ဗံ၊ ပြုထိုက်၏ဟုပေး။ [ တေရသကဏ်, မဟာခန္ဓက။]

**ဒဏ်ပေးပုံ။** ။ဒဏ်ပေးရာ၌ ပါဠိတော်ဝယ် "အနုဇာနာမိ ဘိက္ခဝေ အာဝရဏံ(သူနေမြဲကျောင်း, ထွက်ဝင်နေကျကျောင်းသို့ မလာဘို့ရန် တားမြစ်မှုကို) ကာတုံ"ဟု မိန့်တော်မူ၏။ အဋ္ဌကထာ၌ကား– "အပရာဓာနုရူပံ ဥဒက-ဒါရု ဝါလုကာဒီနိ အာဟရာပေတုံပိ ကာတဗ္ဗံ=အပြစ်အားလျော်စွာ ရေထမ်းစေမှု, ထင်း သဲ စသည်တို့ကို ဆောင်ယူစေမှုကိုလည်း ပြုထိုက်၏"ဟု ဆို၏။